# ဩဂုတ်လ ၂၀၁၇ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ ဩဂုတ်လကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၂၉ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၄၂ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၆ ဦးသည် ထောင်တွင်းမှ နေ၍ တရားရင်ဆိုင်နေရကာ ၁၃၁ ဦးသည် ထောင်ပြင်ပမှနေ၍ တရား ရင်ဆိုင်နေရသည်။



ဓာတ်ပုံ ဒီဗွီဘီ
ဩဂုတ်လ ၂၀၁၇ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

# မာတိကာ


နိုင်ငံရေးအကျဉ်းသားများ......3

- ဖမ်းဆီးခံရခြင်းများ......3
- တရားစွဲဆိုခံရခြင်းများ......4
- ထိန်းသိမ်းခံရခြင်းများ......6
- တရားရင်ဆိုင်ရခြင်းများ......7
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ......12
- ထောင်မှလွတ်မြောက်မှုများ......13

နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ......15

ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ......17

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ......20

အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links......22

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ဖမ်းဆီးခံရခြင်းများ

**ကလေးစစ်သားဖြစ်ခဲ့ဖူးသူ ပုဒ်မ ၅၀၅(ခ)ဖြင့် ဖမ်းဆီးခံရ**

အသက် ၁၄ နှစ်အရွယ်တွင် ကလေးစစ်သားအဖြစ် စုဆောင်းခြင်းခံခဲ့ရပြီး တပ်တွင်းတွင် နှစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ရသူ ကိုအောင်ကိုထွေးသည် ကလေးစစ်သားအဖြစ် အဓမ္မစုဆောင်းခံခဲ့ရစဉ်က အတွေ့အကြုံများနှင့် အကျဉ်းထောင်တွင် ၁၀ နှစ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရစဉ်က အတွေ့အကြုံများကို လွတ်လပ်သော အာရှအသံ (RFA) သတင်းဌာနသို့ ဩဂုတ်လ အစောပိုင်းတွင် အင်တာဗျူးဖြေခဲ့ခြင်းအတွက် ဩဂုတ်လ ၁၈ ရက်နေ့တွင် အသရေဖျက်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်အောင်မှ တရားလိုပြုလုပ်ကာ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်တရားရုံးသို့ ဦးတိုက် လျှောက်ထားကာ တိုင်တန်းခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလ ၁ ရက်နေ့တွင် သူ့အား ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တရားရုံး၌ ရုံးထုတ်စစ်ဆေးမည်ဖြစ်သည်။ အင်တာဗျူးတွင် ကိုအောင် ကိုထွေးသည် ၂၀၀၅ ခုနှစ်၌ နေပြည်ေ တာ်မှအပြန် ရန် ကုန်ဘူတာကြီး၌ ကလေးစစ်သားအဖြစ် စုေ ဆာင်းခြင်းခံခဲ့ရပြီး မန္တလေးရှိ စုဆောင်းရေးတပ်ထဲတွင် နှစ်လနေထိုင်ခဲ့ရစဉ်က အခန်းကျဉ်းလေးထဲတွင် စုဆောင်းခံရ သူများစွာကို ကျပ်ညပ်စွာ ထည့်ထားခဲ့သည့်အကြောင်းကို ပြောကြားခဲ့သည်။ ညပိုင်းတွင် ကိုအောင်ကိုထွေးနှင့် အခြားကလေးစစ်သားများသည် ထရပ်ကားများမှ သစ်များချသည့် အလုပ်များကဲ့သို့သော အလုပ်များကို လုပ်ရန် အဓမ္မစေခိုင်းခြင်းခံခဲ့ရသည်။ မုံရွာရှိ တပ်စခန်းတွင် လေးလကြာသင်တန်းတက်ရောက်ပြီးနောက် ခမရ ၃၃၂ တွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံခဲ့ရပြီး ရှမ်းပြည်နယ်၊ ကိုးကန့်ဒေသတွင် လုံခြုံရေး တပ်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ သူသည် ဆရာဝန်လုပ်ရန် ရည်မှန်းထားသောကြောင့် သူ၏အထက်လူကြီးများအား စာသင်ချင်သည်ဟု တောင်းဆိုသောအခါ လားရှိုးရှိ စစ်သားများအတွက် ဖွင့်လှစ်ထားသောကျောင်းတွင် တက်ရောက်ရန် ခွင့်ပြုချက်ရရှိခဲ့သည်။ သို့သော်လည်း စာမသင်ကြားရဘဲ ထိုအစား တပ်အကြီးအကဲများ၏ လုပ်အားပေးအဖြစ် တနေကုန်လုပ်ကိုင်စေခြင်းခံခဲ့ရသည်။ နှစ်နှစ်ကျော်အကြာ စစ်တပ်မှ ထွက်ေ ပးချိန်တွင် အတူပြေးလာသူတစ်ဦးမှ ဆိုင်ကယ်လုယက်ရင်း လူသတ်မိခြင်းကြောင့် ကြံရာပါအဖြစ် သေဒဏ် ချမှတ်ြ ခင်းခံခဲ့ရသည်။ ထို့နောက် ဦးသိန်းစိန်အစိုးရလက်ထက်တွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ေ သဒဏ်မှ တစ်သက်တစ်ကျွန်း၊ ယင်းမှ ၂၀၁၅ ခုနှစ်တွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင် ဒဏ် ၁၀ နှစ်သို့ ပြောင်းလဲကျခံခဲ့ရပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် မန္တလေးအိုးဘိုထောင်မှ ၎င်း၏ အသက် (၂၆)နှစ်အရွယ်၌ ပြန်လည်လွတ် မြောက်လာခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ Frontier Myanmar
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ မဇ္ဈိမ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ

**ပုဒ်မ ၆၆(ဃ) စွဲချက်ဖြင့် အလွတ်သတင်းထောက် တစ်ဦး ဖမ်းဆီးခံရ**

ဩဂုတ်လ ၂၃ ရက်နေ့တွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ၎င်း၏ သားဖြစ်သူ ဒေါက်တာအောင်မိုင်တို့ကို လူမှုကွန်ရက်စာ မျက်နှာတွင် ဝေဖန်ရေးသားခဲ့ခြင်းအတွက် မြစ်ကြီးနားမြို့တွင်နေထိုင်သူ အလွတ်သတင်းထောက် ကိုအောင်မိုးထက်သည် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ)ဖြင့် ဩဂုတ်လ ၂၈ ရက်နေ့ တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဒေါက်တာအောင်မိုင်က တရားလိုပြုလုပ်ကာ ကိုအောင်မိုးထက်အား ပုဒ်မ ၆၆(ဃ)ဖြင့် မြစ်ကြီးနားမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ အဆိုပါရေးသားချက်နှင့် မှတ်ချက်များကို ပြန်လည်ပယ်ဖျက်ခဲ့ပြီး ဖြစ်ကြောင်းနှင့် ထိုရေးသားချက်သည် မှားယွင်းသည့်လုပ်ဆောင်ချက်ဖြစ်ခြင်းကြောင့် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် သားဖြစ်သူဒေါက်တာ အောင်မိုင်တို့ကို အနူးအညွတ်တောင်းပန်သည်ဟု ကိုဇော်မိုးထက်၏ လူမှုကွန်ရက်စာမျက်နှာတွင် ပြန်လည်ရေးသား ဖော်ပြထားသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်၊ အီလဲဗင်း

## ▪ တရားစွဲဆိုခံရခြင်းများ

**လယ်ယာမြေအငြင်းပွားမှုကြောင့် ဖမ်းဆီးခံခဲ့ရသော ထားဝယ် လယ်သမားများ အာမခံဖြင့် လွတ်မြောက်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ပြစီမံကိန်းအတွင်းပါဝင်ပြီး လျော်ကြေးမပေးရသေးသော လယ်ယာမြေ ငါးဧကကို ထားဝယ် အများပိုင် ကုမ္ပဏီ (DDPC)မှ လာရောက်မြေဖို့စဉ် တားဆီးခဲ့ သည့်အတွက် ထားဝယ်မြို့မှ လယ်သမား ခုနစ်ဦးသည် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇသတ်ကြီး ပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် ဩဂုတ်လ ၃ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့အား ထားဝယ်မြို့မရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ပြီး ထိုမှတစ်ဆင့် ထားဝယ်မြို့နယ်တရားရုံးတွင် ရုံးတင်စစ်ဆေးခဲ့ ကာ ကိုယ်ပိုင်ခံဝန်ဖြင့် ထိုနေ့တွင်ပင် ပြန်လွှတ်ပေးခဲ့သည်။ ထိုလယ်ယာမြေ ငါးဧကသည် ထားဝယ်မြို့ ပြစီမံကိန်းဧရိယာ မြေဧက ၃၅၀ အတွင်း ပါဝင်နေသော မြေဖြစ်ပြီး DDPC မှ ပုဂ္ဂလိက ကျောင်းဆောက်လုပ်ရန်အတွက် မြေဖို့ခြင်းဖြစ်သည်။ ဖမ်းဆီးခံခဲ့ရသူတစ်ဦးဖြစ်သော ထားဝယ်ခရိုင် တောင်သူလယ် သမားသမဂ္ဂ ဥက္ကဋ္ဌ ဒေါ်ရီထွေးမှ ၎င်းတို့၏ လယ်ယာမြေများ ကို မည်သည့် အချိန်က သိမ်းဆည်းခဲ့သည်ကို မသိရှိပါ၊ လျော်ကြေး တစ်စုံတစ်ရာလည်း မရရှိခဲ့ပါဟု ပြောကြားခဲ့သည်။ မေလ ၁၃ ရက်နေ့တွင် ၎င်းတို့သည် မိမိပိုင်လယ်ယာ မြေများပေါ်တွင် ကုမ္ပဏီပိုင်မြေဟုဆိုကာ DDPC မှ ပုဂ္ဂလိက ကျောင်းဆောက် လုပ်ရန်အတွက် မြေဖို့ရန် ကြိုးစားခဲ့ခြင်းကို တားဆီးခဲ့၍ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် ဖမ်းဆီးခြင်း ခံခဲ့ရသည် (မေလအစီရင်ခံစာတွင်ဖတ်ရှုနိုင်သည်)။ ထားဝယ်မြို့သစ် စီမံကိန်းတွင် လယ်ယာမြေ ဧက ၃၅၀ ပါဝင်ပြီး ထိုမြေ မ နေရာများတွင် အဆောက်အဦး မဆောက်ရသေးသည့် မြေများ ကို လယ်သမားများအား တရားဝင်ပြန်ပေးရန်၊ ဆောက်လုပ်ပြီး သားမြေများကို လျော်ကြေး၊ နစ်နာကြေးပေး ရန်နှင့် ထို အချက် နစ်ချက်ကို အကောင်အထည်မဖော်မီ လုပ်ငန်းလုပ်ကိုင်ခြင်းအား ရပ်ထားရန်စသည့် အချက် သုံးချက်ကို လယ်သမားများမှ တောင်းဆိုထားသည်။

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

**ပုဒ်မ ၆၆(ဃ)ဖြင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတစ်ဦးအမှုဖွင့်ခံရ**

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတ၊ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်တို့ကို ဂုဏ် သိက္ခာ ကျဆင်းအောင်ရေး သားခြင်း၊ ဓာတ်ပုံနှင့်ကာတွန်းများ တင်နေခြင်းတို့ပြုလုပ်သည်ဟူသောစွဲချက်အတွက် ဩဂုတ်လ ၆ ရက်နေ့တွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေ ကျင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရွှေဘသည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် အောင်မြေသာစံမြို့နယ် ရဲစခန်း တွင် အမှုဖွင့် တိုင်ကြားခြင်းခံခဲ့ရသည်။ စွပ်စွဲခံရသူ ဦးဧ ရွှေဘမှ Min TharrGyi Facebook Account သည် ၎င်း၏အကောင့် အမှန်ဖြစ်သော် လည်းယခုတိုင်ကြားခံရသည့် ပုံများ၊စာများနှင့် ကာတွန်းများမှာ ၎င်းကိုယ်တိုင်တင်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုခဲ့ သည်။ ဦးရွှေဘအား တရားလိုဖြစ်သူ ဦးထွန်းလင်းမှ အမှုဖွင့် တိုင်ကြားခဲ့ခြင်းဖြစ်သည်။

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ]

**မူလဘိုးဘွားပိုင်မြေပေါ်တွင် ထွန်ယက် စိုက်ပျိုးသည့်အတွက် ရွာသား ငါးဦး တရားစွဲဆိုခံရ**

မူလဘိုးဘွားပိုင်မြေများပေါ်တွင် ဝင်ရောက် ထွန်ယက်၊ စိုက်ပျိုး သော ကယားပြည်နယ်၊ လောကထူးရွာမှ ရွာသား ငါးဦးကို လောပိတရေအား လျှပ်စစ် စီမံ ကိန်း ဝန်ထမ်း လေးဦးမှ ပိုင်နက်ကျူးလွန်ခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် တရား စွဲဆိုခဲ့သည်။ ၁၉၈၃ ခုနှစ်ကတည်းက ထိုလယ်ယာမြေများကို လောပိတ ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ရန် သိမ်းဆည်း ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အာဏာပိုင်များမှ ပြန်လည်စွန့် လွှတ်ခဲ့ရာ တောင်သူများမှ ဝင်ရောက်လုပ်ကိုင်လိုသော်လည်း ထိုစဉ်က ခွင့်ပြုချက်မရရှိခဲ့ပါ။ ၂၀၁၂ ခုနှစ်တွင် ထ ပ်မံစွန့် လွှတ်ကြောင်း ကြားသိရသည့်အတွက် ရွာသားများမှ ဝင်ရောက် လုပ်ကိုင်ရန် စီစဉ်ခဲ့သော်လည်း ဟန့်တားခြင်းခံခဲ့ရသည်။ ယခု နှစ်အတွင်း လောကထူး ရွာသားများမှ ဝင်ရောက် စိုက်ပျိုး ထွန်ယက်ရာမှ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ တရားစွဲဆိုခံခဲ့ရ သော လောကထူးရွာသားတစ်ဦးဖြစ်သူ ဦးလူရယ်မှ စီမံကိန်း အတွက် သိမ်းယူထားသော လယ်ယာမြေ များအနက် ဧက ၃၀ နီးပါးတွင် သီးနှံများ ဝင်ရောက် စိုက်ပျိုးခဲ့ရာမှ ပိုင်ဆိုင်ခွင့် ပုံစံ (၇)ရှိသော စီမံကိန်းဝန်ထမ်းများမှ တရားစွဲဆိုခဲ့ သည်ဟု ပြော ကြားခဲ့သည်။ ထို့ပြင် ၎င်းမှ ထိုလယ်ယာမြေများကို ဘိုးဘွား ပိုင်မြေအဖြစ် ပြန်လည် ရရှိလိုသည်ဟု ပြောကြားခဲ့သည်။ စွပ်စွဲ ခံရသူဘက်မှ လိုက်ပါဆောင် ရွက်ပေးနေသော အထက် တန်းရှေ့နေ ဦးမာတီးနိုမှလည်း ဒေသခံအချို့သည် ဗဟုသုတ နည်းပါးသောကြောင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံများကို ပြုလုပ် ထားခြင်းမရှိခြင်း၊ အထောက်အထားအချို့မှာ ထိန်းသိမ်း မှုအားနည်း၍ ပျက်စီးသွားခဲ့ရခြင်းတို့ကြောင့် အခက်အခဲများ

တွေ့နေရသည်ဟု ပြောကြားခဲ့သည်။
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်၊ BNI/မြန်မာ

- ## ထိန်းသိမ်းခံရခြင်းများ

**မန်တုံပြည်သူအချို့ ထိန်းသိမ်းခံရ**

ဩဂုတ်လ အစောပိုင်းတွင် တပ်မတော်မှ၊ ရှမ်းပြည်နယ်၊ မန်တုံမြို့နယ်မှ ဒေသခံ ၁၀ ဦးခန့်အား မသင်္ကာ၍ စစ်ဆေးမည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တအာင်း(ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် မန်တုံမြို့ အနီးတွင် ယခုလ ၅ ရက်နေ့၌ မြန်မာ့တပ်မတော် ယာဉ်တန်း တိုက်ခိုက်ခံရပြီးသည့်နောက် မြန်မာ့တပ်မတော်၊ တပ်မ(၇၇)မှ ဒေသခံများအား ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ သည့်အပြင် ခရီးသွားလာမှုအား ကန့်သတ်ထားသည့်အတွက် ခရီးသွားပြည်သူများနှင့် ဒေသခံများ အခက်အခဲ အမျိုးမျိုးနှင့် ကြုံနေကြရသည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ အဆိုပါ ဖမ်းဆီးခံထားရသူများနှင့် တွေ့ဆုံရန် မိသားစုဝင်များမှ တောင်းဆိုထားသော်လည်း တွေ့ဆုံခွင့်မရသေး ပါဟု ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးသိန်းဇော်မှ ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ BNI/မြန်မာ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ BNI

## ▪ တရားရင်ဆိုင်ရခြင်းများ

**The Voice နေ့စဉ်သတင်းစာ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေ အာမခံဖြင့် လွတ်မြောက်**

ဩဂုတ်လ ၄ ရက်နေ့တွင် ဗဟန်းမြို့နယ်တရားရုံးမှ The Voice နေ့စဉ်သတင်းစာ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) အတွက် အာမခံနှစ်ဦးမှ ကျပ်သိန်း ၁၀၀ စီ၊ သတင်းမီဒီယာ ဥပဒေပုဒ်မ ၂၅ (ခ)အတွက် အာမခံနှစ်ဦးမှ ကျပ် ဆယ်သိန်းစီ၊ စုစုပေါင်း သိန်း ၂၂၀ ဖြင့် အာမခံပေးခဲ့သည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်း ရေးဖြစ်စဉ်ကို သရော်ထားသော ဆောင်းပါးနှင့် ပတ်သက်ပြီး ဒုတိယ ဗိုလ်မှူးကြီး လင်းထွန်းမှ ဦးကျော်မင်းဆွေနှင့် ဆောင်းပါးရှင် ကိုကျော်စွာနိုင် ခေါ် ဗြိတိသျှကိုကိုမောင်တို့ကို ထိုစွဲချက်နှစ်ခုဖြင့် တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ဦးကျော်မင်းဆွေသည် ထိန်းသိမ်းခံထားရသော နှစ်လအတွင်း အာမခံ ကိုးကြိမ်တိုင် ငြင်းပယ်ခြင်းခံခဲ့ရသည်။ ကိုကျော်စွာနိုင်သည် ပုဒ်မ ၆၆(ဃ) ဖြင့် အမှုမှ တရားသေလွတ်ခဲ့သော်လည်း မီဒီယာဥပဒေ ပုဒ်မ ၂၅(ခ)ဖြင့် တရားရင်ဆိုင်နေရဆဲဖြစ်ပြီး ဇူလိုင်လ ၂၁ ရက်နေ့ရုံးချိန်းတွင် ထိုပုဒ်မအတွက် အာမခံရရှိခဲ့သည်။ ဩဂုတ်လ ၄ ရက်နေ့တွင် ဦးကျော်မင်းဆွေသည် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး အာဏာပိုင်များမှ သတင်းသမားများအပေါ် သတင်းမီဒီယာဥပဒေ (သို့မဟုတ်) ထိုထက်ပျော့ပျောင်းသည့် ဥပဒေများဖြင့် တရားစွဲဆိုခြင်းမပြုဘဲ တစ်ကြိမ်တည်း ထောင်ထဲတန်းထည့်လို့ရ သော ပုဒ်မဆိုးများဖြင့် တရားစွဲဆိုနေခြင်းသည် ဆီလျော်ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ ဩဂုတ်လ ၁၇ ရက်နေ့ ရုံးချိန်းတွင် ဦးကျော်မင်းဆွေ၏ ရှေ့နေဖြစ်သူမှ ၎င်း၏အမှုသည်၏ အမှုနှစ်ခုအား တစ်မှုအဖြစ်ပြုလုပ်ပေးပါရန် အယူခံဝင်ခဲ့သည်။ သို့သော်လည်း တရားသူကြီးမှ အမှုများသည် သီးခြားစီစွဲဆိုထား[ ခင်းဖြစ်သည့်အပြင် ပုဒ်မ ၆၆(ဃ) သည် အွန်လိုင်းမှုနှင့် ဆက်နွယ်နေခြင်း၊ ပုဒ်မ ၂၅(ခ) သည် ပုံနှိပ်မှုကို အခြေခံခြင်းတို့ကြောင့် ထိုအယူခံအား ပယ်ချခဲ့သည်။ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကိုကျော်မင်းဆွေ သည် ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဗွီအိုအေ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဧရာဝတီ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ မဇ္ဈိမ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဧရာဝတီ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဒီဗွီဘီ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ Frontier Myanmar]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ လွတ်လပ်သော အာရှအသံ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ New Haven Register]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်၊ အီလဲဗင်း]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်၊ 7 Day Daily/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ မြန်မာတိုင်း]

[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ မြန်မာတိုင်း]

**ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခံထားရသော ဗကသကျောင်းသားဟောင်း အာမခံဖြင့် လွတ်မြောက်ကာ တရားရင်ဆိုင်နေရ**

ဩဂုတ်လ ၁၅ ရက်နေ့တွင် တောင်ငူမြို့နယ်တရားရုံးမှ ကေတုအိုးဝေတော်လှန်ရေးသံချပ်ကို ဦးဆောင်ခဲ့သူနှစ်ဦးထဲမှ တစ်ဦးဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ့မှ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)ကျောင်းသားဟောင်း ကိုအောင်ထက် ကို ဆေးကုသမှုခံယူရန် လိုအပ်သောကြောင့် အာမခံပေးခဲ့သည်။ ဧပြီလ ၁၃ ရက်နေ့တွင် တောင်ငူခရိုင် ဗကသ ဥက္ကဌဟောင်း ကိုဗစ်တာနှင့် ကိုအောင်ထက်တို့ဦးဆောင်သော အ ဖွဲ့ဝင် ၁၅ ဦးသည် တောင်ငူမြို့ပေါ်ရှိ ဖျော်ဖြေရေးမဏ္ဍပ်များ တွင် ကေတုအိုးဝေသံချပ်ဖြင့် ဖျော်ဖြေမှု ပြုလုပ်ခဲ့သည်။ အဆိုပါ သံချပ်ပါ စာသားများသည် တပ်မတော်၏ ပုံရိပ်ကို ထိခိုက်စေသည့်အတွက် ဖွန်လ ၁၉ ရက်နေ့တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းမင်းအောင် ဦးစီးအရာရှိ (ပထမတန်း)စစ်ရေးမှ တရားလိုပြုလုပ်၍ ကိုဗစ်တာနှင့် ကိုအောင်ထက်တို့အား နိုင်ငံတော်အား အကြည်အညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် တောင်ငူမြို့နယ်တရားရုံး၌ တိုင်တန်းခဲ့ပြီး တောင်ငူမြို့နယ်တရားရုံးမှ အမှုကို လက်ခံ စစ်ဆေးခဲ့သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် ၎င်းတို့အား တောင်ငူမြို့နယ်တရားရုံး၌ ရုံးချိန်းတက်ရောက်ရန် ဆင့်ခေါ်ခဲ့သော်လည်း ကိုဗစ်တာသည် လာရောက်ခြင်းမရှိခဲ့ပါ။ ထိုနေ့ရုံးချိန်းတွင် ကိုအောင်ထက်အား စစ်ဆေး၊ မေးမြန်းခြင်းမရှိဘဲ ဖမ်းဆီးခဲ့ပြီး တောင်ငူထောင်သို့ ခေါ်ဆောင်၊ ထိန်းသိမ်းထားခဲ့သည်။ ဩဂုတ်လ ၆ ရက်နေ့တွင် ရာဇဝတ်အကျဉ်းသားတစ်ဦးဖြစ်သူ ကိုညီညီနိုင်မှ ကိုအောင်ထက်၏ ဦးခေါင်းအား ကျောက်ခဲဖြင့် အကြိမ်ကြိမ်ထုခဲ့သည်။ ကိုအောင်ထက် ၏ ရှေ့နေဖြစ်သူ ဦးရောဘတ်စန်းအောင်မှ ထောင်အုပ်ချုပ်ရေး အာဏာပိုင်များ၏ ဧ ပေါ့လျော့မှု၊ တာဝန်ပျက်ကွက်မှု၊ တာဝန်မကျေမှုကြောင့် ထိုကဲ့သို့ဖြစ်ပွားရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည့်ပြင် ကျောက်ခဲကဲ့သို့ အရာမျိုးသည် ထောင်တွင်းတွင် အလွယ်တကူမရနိုင်သောကြောင့် ကြိုတင်ကြံစည်မှု ဟု မှုခင်းရှုထောင့် အရ သုံးသပ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဩဂုတ်လ ၂၉ ရက်နေ့တွင် ကိုအောင်ထက်သည် ရုံးချိန်း တက်ရောက်ရမည်ဖြစ်သည်။ ကိုဇစ်တာသည် ဩဂုတ်လ ၁၅ ရက်နေ့ ရုံးချိန်းတွင် သွားရောက်အဖမ်းခံမည်ဟု ပြောကြားခဲ့ သော်လည်း ယခုထိတိုင် ဖမ်းဆီးခံရခြင်းမရှိသေးပါ။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊ ဧရာဝတီ

**ထွန်တုံးတိုက်ပွဲပြုလုပ်ခဲ့ခြင်းအတွက် လယ်သမား ၅၈ ဦး အမှုဖွင့်ခံရ**

သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး ထွန်တုံးတိုက် ပွဲဝင်ခဲ့ခြင်းအတွက် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ စေတလုံးကျေးရွာမှ ဒေသခံ လယ်သမား ၅၈ ဦးတို့သည် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ၎င်းတို့အား ကော်ဖီခြံစီမံကိန်း တာဝန်ခံ နှစ်ဦးမှ တရားလိုပြုလုပ်၍ ပိုင်နက်ကျူးလွန်ခြင်း၊ ရာဇသတ်ကြီး ပုဒ်မ ၄၄၇၊ မြေလွတ်၊မြေရိုင်းဥပဒေ ပုဒ်မ ၂၆၊ ၂၇ တို့ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ပြင်ဦးလွင်မြို့နယ်၊ စေတလုံးကျေးရွာ မှ ဒေသခံ တောင်သူများ လုပ်ကိုင်နေသည့် လယ်ယာမြေဧက ၁၀၀၀ ကျော်ခန့်အား ၁၉၉၆ ခုနှစ်တွင် ကော်ဖီစီမံကိန်းပြုလုပ် မည်ဟုဆိုကာ သိမ်းဆည်းခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဒေသခံလယ်သမားများသည် စီမံကိန်းမပြုလုပ်ပဲ လစ်လပ် လျက်ရှိသည့် သိမ်းဆည်း လယ်ယာမြေများပေါ်တွင် ဝင်ရောက် ထွန်ယက်ခဲ့ကြ သဖြင့် ထိုကဲ့သို့ အမှုဖွင့်ခံခဲ့ရခြင်းဖြစ်သည်။ ဒေသခံလယ်သမားတစ်ဦးမှ ၎င်းတို့၏ ဘိုးဘွားစဉ်ဆက် ထို လယ်ယာမြေများပေါ်တွင် ထွန်ယက်ခဲ့ကြပြီး အခွန် ပေးဆောင် ခဲ့သည့် စာရွက်၊စာတမ်းအထောက်အထားများလည်း ရှိသည်ဟု ပြောကြားခဲ့သည်။ ဩဂုတ်လ ၁၆ ရက်နေ့တွင် လယ်သမား ၅၈ ဦးအနက် ၁၈ ဦးသည် မြေလွတ်၊မြေရိုင်း ဥပဒေပုဒ်မ ၂၆၊ ၂၇ ဖြင့် စွဲဆိုထားသော အမှုနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့ နယ်တရားရုံးတွင် ပထမအကြိမ် ရုံးချိန်းတက်ရောက်ခဲ့ပြီး အာမခံ လျှောက်ထားခဲ့သည်။ ၎င်းတို့အား မြို့နယ်တရားရုံးမှ အာမခံ ပေးခဲ့ကြောင်း သိရှိရသည်။ ဩဂုတ်လ ၂၈ ရက်နေ့တွင် ၎င်းတို့ သည် ရုံးချိန်း ထပ်မံ တက်ရောက်ရမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ အီလဲဗင်း/မြန်မာ

**သပိတ်စခန်းဖွင့်၍ ဦးဆောင် ဆန္ဒပြခဲ့ကြသော လယ်သမားနှင့် တက်ကြွလှုပ်ရှားသူများကို အောင်မြေသာစံမြို့နယ် တရားရုံးတွင် စတင်တရားစွဲဆို**

ဩဂုတ်လ ၁၈ ရက်နေ့တွင် လယ်သမားနှင့် တက်ကြွလှုပ်ရှားသူ ၁၁ ဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၂၀ ဖြင့် မန္တလေး အောင်မြေသာစံမြို့နယ် တရားရုံးတွင် စတင်တရားစွဲဆိုခြင်းခံခဲ့ရပြီး တရားရုံးမှ ၎င်းတို့ အား အာမခံပေးခဲ့သည်။ ၎င်းတို့ဦးဆောင်သော လယ်သမား တစ်ရာကျော်သည် မန္တလေးတိုင်းအတွင်း သိမ်းဆည်းထားသော လယ်ယာမြေများကို မူလတောင်သူများ ထံသို့ ပြန်လည် ပေးအပ်ရန်၊ တရားစွဲဆိုခံထားရသော လယ်သမားများကို အမှု ရုပ်သိမ်းပေးရန်၊ လယ်ယာမြေသိမ်း ဆည်းခြင်းကို ဆန့်ကျင် ဆန္ဒပြသောကြောင့် ဖမ်းဆီးခြင်းခံထားရ သော လယ်သမားများ ကို လွှတ်ပေးရန် မန္တလေးမြို့ ၆၂ လမ်းတွင် သပိတ်စခန်းဖွင့်ကာ ဇူလိုင်လ ၇ ရက်နေ့မှ စတင်၍ ရဲတပ်ဖွဲ့မှ သပိတ်စခန်းအား အင်အားသုံး ဖယ်ရှားခဲ့သည့် ဇူလိုင်လ ၂၈ ရက်နေ့ထိ ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ ဇူလိုင်လ ၂၈ ရက်နေ့တွင်ပင် သပိတ်ကို ဦးဆောင်ခဲ့ကြသော ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်နှင့် မန္တလေးတိုင်း ပဋိပက္ခ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ ဖြစ်ကြသော ကိုအောင်သူနှင့် ကိုစိုးဌေးတို့ အပါအဝင် ၁၁ ဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉၊ ၂၀ တို့ ဖြင့် အမှုဖွင့်ခြင်း ခံခဲ့ရသည် (ဇူလိုင်လ အစီရင်ခံစာတွင်ဖတ်ရှုနိုင်သည်)။ ဩဂုတ်လ ၄ ရက်နေ့တွင် အာဏာပိုင်များမှ ကိုအောင်သူနှင့် ကိုစိုးဌေးတို့အား ဖမ်းဝရမ်းထုတ်ခဲ့သည်။ ကိုအောင်သူမှ ဩဂုတ်လ (၈)ရက်နေ့ ရှစ်လေးလုံးလူထုလှုပ်ရှားမှုကြီး နှစ်ပတ်လည် ပြီးသည့်နောက် ဩဂုတ်လ (၉)ရက်နေ့မှ ၎င်းတို့ ရဲစခန်းသို့ သွားရောက် အဖမ်းခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်၊ အီလဲဗင်း

**မြန်မာနောင်း သတင်းထောက်ချုပ် ကိုဆွေဝင်း တတိယ အကြိမ်မြောက် ရုံးချိန်းတက်ရောက်**

ဩဂုတ်လ ၂၁ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် တရားရင်ဆိုင်နေရသော မြန်မာနောင်း သတင်း ထောက်ချုပ် ကိုဆွေဝင်းသည် မန္တလေး၊ မဟာအောင်မြေမြို့နယ် တရားရုံး၌ သူ၏ တတိယအကြိမ်မြောက် ရုံးချိန်းကို တက်ရောက်ခဲ့သည်။ အမျိုးဘာသာ သာသနာ ထိန်းသိမ်းစောင့် ရှောက်ရေးအသင်း(မဘသ)၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကျော်မျိုးဆွေမှ ကိုဆွေဝင်းအား မဘသ၏ ဦးဆောင်ဆရာ တော်တစ်ပါးဖြစ်သူ ဦးဝီရသူကို လူမှုကွန်ရက်စာမျက်နှာတွင်

ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခဲ့ခြင်းအတွက် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆ (ဃ) ဖြင့် မတ်လ ၇ ရက်နေ့တွင် မဟာအောင်မြေရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဦးကျော်မျိုးဆွေသည် မန္တလေးမြို့၌ အစိုးရဖြုတ်ချရေး သပိတ်စခန်းဖွင့်ရာတွင် ပါဝင်ခဲ့သည့်အတွက် ဖမ်းဆီးခြင်းခံထားရပြီး ထောင်ထုတ်မိန့်မရရှိသေးသဖြင့် ဩဂုတ်လ ၂၁ ရက်နေ့ရုံးချိန်းသို့ လာရောက်နိုင်ခြင်းမရှိခဲ့ပါ။ ဇူလိုင်လ ၃၀ ရက်နေ့တွင် ကိုဆွေဝင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖမ်းဆီးခြင်းခံခဲ့ရပြီး အင်းစိန်ထောင်တွင် တစ်ညတာ ထိန်းသိမ်းထားခြင်း ခံခဲ့ရသည်။ ဇူလိုင်လ ၃၁ ရက်နေ့တွင် သူ့အား မန္တလေးသို့ ခေါ်ဆောင်သွားခဲ့ပြီး ထိုနေ့တွင်ပင် သူသည် မဟာအောင်မြေမြို့နယ်တရားရုံး၌ ရမန်ယူခဲ့ပြီး ကျပ် သိန်းငါးဆယ် အာမခံဖြင့် ပြန်လည် လွတ်မြောက်လာခဲ့ သည်။ International Federation of Journalists (IFJ) ကဲ့သို့သော များစွာ သော အဖွဲ့အစည်းများမှ ပုဒ်မ ၆၆(ဃ)အား ဖျက်သိမ်းရန် သို့မဟုတ် ပြည့်စုံစွာ ပြင်ဆင် ဖြည့်စွက်ရန် အစိုးရအား ကြေညာချက်များ ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်လွင်မှ ကိုဆွေဝင်းကို အမှုဖွင့်ခဲ့သူ ကိုကျော်မျိုးဆွေအား ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုရန် ဩဂုတ်လ ၂၁ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန် ကြီးဌာန၏ ခွင့်ပြုချက်ရရှိခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ မတ်လတွင်းတွင် စမ်းချောင်းမြို့နယ်မှ ဒေါ်မြမြဌေးမှ ကိုကျော်မျိုးဆွေအား နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အသရေဖျက် ခြင်းအတွက် ပုဒ်မ ၆၆(ဃ) ဖြင့် စမ်းချောင်းမြို့မရဲစခန်းတွင် တရားလိုပြုလုပ်၍ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့၊ ASEAN Economist
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့၊ BNI
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့၊ International Federation of Journalists
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့၊ မဇ္ဈိမ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့၊ Frontier Myanmar
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့၊ မဇ္ဈိမ

**ပုသိမ်မြို့မှ ကျောင်းသား ခုနစ်ဦးကို အသရေဖျက်မှုဖြင့် အမှုပြန်လည် ရင်ဆိုင်ရန် အမိန့်ချမှတ်**

ဩဂုတ်လ ၁ ရက်နေ့တွင် ပုသိမ်ခရိုင်တရားရုံးမှ အသရေဖျက်မှု စွဲချက်မှ မေလတွင်းတွင် တရားရှင် လွတ်မြောက်ခဲ့သော ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်မှ ကျောင်းသား ခုနစ်ဦးအား အမှုပြန်လည် ရင်ဆိုင်ရန် အမိန့်ချမှတ်ခဲ့သည်။ တရားလိုဘက်မှ ခရိုင်တရားရုံးသို့ ပြင်ဆင်ချက်တင်သွင်းသည့်အခါ မြို့နယ်တရားရုံးတွင် တင်သွင်းသည့်အတိုင်းမဟုတ်ဘဲ အမှုကိုပြန်လည်ပြင်ဆင်ပြီး တင်သွင်းခဲ့သည့်အတွက် ခရိုင်တရားသူကြီးမှ စွဲချက်တင်သင့်သည်ဟု အမိန့်ပြန်ချခဲ့ကြောင်း တရားစွဲဆိုခံရသော ကိုအောင်ခန့်ဇော်မှ ပြောကြားခဲ့သည်။ ဧရာဝတီတိုင်း၊ ပုသိမ်မြို့ နယ်၊ ပုသိမ်ဟိုတယ်တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား ဖြစ်ပွားနေသော ပဋိပက္ခများကို ပြဇာတ်ကပြခဲ့ပြီးနောက် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် စစ်တပ်မှ ကျောင်းသား ကိုးဦးအား အသရေဖျက်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ပုသိမ်မြို့နယ် တရားရုံး၌ တရားစွဲဆိုခဲ့သည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီး ပထမတန်း ဒုဗိုလ်မှူးကြီးအောင်မျိုးခိုင်မှ တရားလို ပြုလုပ်၍ တိုင်တန်းခဲ့ခြင်းဖြစ်ပြီး ၎င်း၏မှ ကျောင်းသားများသည် တပ်မတော်နှင့် ၎င်းတို့မိသားစုဝင်များ၏ ဂုဏ်သိက္ခာကို ထိခိုက်အောင်ပြု လုပ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ မေလ ၁၂ ရက်နေ့တွင် ပုသိမ်မြို့နယ်တရားရုံးမှ ပြဇာတ်ကပြခဲ့သော ကျောင်းသား ကိုးဦးအနက် အဓိက ဇာတ်ဆောင်နှစ်ဦးဖြစ်သော ကိုအောင်ခန့်ဇော်နှင့် ကိုမြတ်သူထက်တို့အား ရာဇသတ်ကြီး ပုဒ်မ၊ ၅၀၀ ဖြင့် စွဲချက်တင်ခဲ့သည်။ ကျန်ကျောင်းသား ခုနစ်ဦးအား တရားရှင် လွှတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**သတင်းထောက်သုံးဦးအပါအဝင် အမျိုးသားခြောက်ဦး၏ အာမခံလျှောက်ထားမှု ပယ်ချခံရ**

ဩဂုတ်လ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်၊ သီပေါမြို့နယ်တရားရုံးမှ ဇူလိုင်လတွင်း မတရားအသင်း အက်ဥပဒေ ၁၇(၁)ဖြင့် တရားစွဲဆိုခံခဲ့ရသော သတင်း ထောက်သုံးဦးအပါအဝင် အမျိုးသားခြောက်ဦး၏ အာမခံရရှိရန် လျှောက်ထားမှုအား ပယ်ချခဲ့သည်။ အာမခံလျှောက်ထားသူများသည် သီပေါမြို့တွင် အခြေချနေထိုင်သူများမဟုတ်ခြင်း၊ အမှု၌ တရားလိုအားစစ်ဆေးနေဆဲအခြေနေဖြစ်ပြီး ပါဝင်ပတ်သက်နေသူ များနေခြင်းနှင့် တရားလိုဘက် ကို စစ်ဆေးဆဲကာလဖြစ်ပြီး အမှုတွင် တရားလိုပြသက်သေများပြားနေခြင်းစသည့် အကြောင်းပြချက်များကြောင့် အာမခံပယ်ချရခြင်းဖြစ်သည်။ ဇွန်လ ၂၆ ရက်နေ့တွင် သတင်းထောက်များ ဖြစ်ကြသော ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) သတင်း ဌာနမှ အကြီးတန်းသတင်းထောက် ဦးအေးနိုင်နှင့် ဦးပြည့်ဘုန်းနိုင်၊ ဧရာဝတီသတင်းဌာနမှ သတင်းထောက် ဦးသိန်းဇော်(ခ) လဝီဝမ်နှင့် အရပ်သားများဖြစ်

ကြသော မိုင်းထွန်းအေး၊ မိုင်းဆန်းညွှန့်နှင့် မိုင်းအောင်ခမ်းတို့သည် ရှမ်းပြည်နယ် မြောက်ပိုင်း၊ တအာင်း(ပလောင်) TNLA နယ်မြေ အတွင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးများ ဖျက်ဆီးမှု အခမ်းအနားသို့ သွား ရောက်ပြီးအပြန်တွင် တပ်မတော်မှ ဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။ ၎င်းတို့သည် မတရားအသင်းအဖြစ် သတ်မှတ်ခြင်းခံထားရပြီး တပ်မတော်နှင့် မကြာခဏတိုက်ပွဲများ ဖြစ်ပွားနေသော တအာင်းလွတ် မြောက်ရေးတပ်မတော် (TNLA) နှင့် ဆက်သွယ်ခဲ့သောကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ဇူလိုင်လ ၂၈ ရက်နေ့နှင့် ဩဂုတ်လ ၄ ရက်နေ့ ရုံးချိန်းတွင် ၎င်းတို့အား သီပေါမြို့နယ်တရားရုံး၌ အမှုဖွင့်ခဲ့သော တရားလိုဖြစ်သူ ဗိုလ်ကြီး သက်နိုင်ဦးမှ ထွက်ဆိုခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ၏ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အကျဉ်းထောင်များကို စစ်ဆေးရန် သွားရောက်ခဲ့သည့် ငါးရက်တာ ခရီးစဉ်အတွင်း ဩဂုတ်လ ၉ ရက်နေ့တွင် ထိန်းသိမ်းခံထားရသော သတင်းထောက်သုံးဦး အား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ သည်။ MNHRC အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးယုလွင်အောင်မှ သတင်းထောက်များသည် နေထိုင်စားသောက်ရသည်မှာ အဆင်ပြေပြီး ကျန်းမာရေးကောင်းမွန်သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဦးယုလွင်အောင်မှ သူ့အား သတင်းထောက်သုံးဦးအပါအဝင် အမျိုးသားခြောက်ဦးမှ ၎င်းတို့ ထိန်းသိမ်းခံထားရသော အခြေအနေများကို ပြောကြားခဲ့သည်။ သတင်းထောက်များမှ ၎င်းတို့အား နမ့်ဆန်မြို့နယ်တွင်း စစ်တပ်မှ လျှို့ဝှက်စွာ ထိန်းသိမ်းထားစဉ်တွင်း တစ်ရက်တာ မည်သည့် အစားအသောက်မျှ ပေးခြင်းမရှိဘဲ ကွန်ကရစ်ကြမ်းပြင်တွင် တစ်ညတာအိပ်ခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် သတင်းထောက်သုံးဦးအပါအဝင် အမျိုးသားခြောက်ဦးကို သီပေါမြို့နယ်တရားရုံး၌ တတိယအကြိမ် ရုံးထုတ် စစ်ဆေးခဲ့ပြီး ၎င်းတို့၏ ရှေ့နေများမှ အာမခံထပ်မံလျှောက်ထားခဲ့သည်။ ထိုရုံးချိန်းတွင် တရားလိုပြသက်သေနစ်ဦးဖြစ်သော ဗိုလ်မှူး မြတ်မွန်အောင်နှင့် ဗိုလ်ကြီးသော်ဇင်အောင်တို့သည် ရှေ့တန်းထွက်နေရသည့်အတွက် လာရောက်နိုင်ခြင်းမရှိခဲ့ပါ။ ဩဂုတ်လ ၁၈ ရက်နေ့ရုံးချိန်းတွင်လည်း သီပေါမြို့နယ်တရားသူကြီး ဦးကျော်မိုးသူမှ ၎င်းတို့၏ အာမခံလျှောက်ထားမှုအား ဒုတိယအကြိမ်ပယ်ချခဲ့သည်။ ယခုအမှုသည် နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်သည့် အမှုဖြစ်အခင်း ဖြစ်ပြီး အများပြည်သူသိရှိနိုင်စေရန် သတင်းရေးသားပေးပို့နေသော သတင်းမီဒီယာသမားများ ဖြစ်သဖြင့် အာမခံပေးလျှင် အမှုကြန့်ကြာသွားနိုင်ေ သာကြောင့် အာမခံခွင့်မပြုခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထိုရုံးချိန်းသို့ တပ်မတော်ဘက်မှ တရားလိုပြသက်သေ ဗိုလ်မှူး မြတ်မွန်အောင်၊ ဗိုလ်ကြီး အောင်လင်းထက်နှင့် ဗိုလ်ကြီးသော်ဇင်အောင်တို့ ရုံးချိန်းတက်ရောက်ခဲ့သော်လည်း သက်သေခံတင်သွင်းမှုအား တရားပြိုင်ဘက်မှ ကန့်ကွက်သော ကြောင့် ဗိုလ်ကြီး အောင်လင်းထက်တစ်ဦးကိုသာ စစ်ဆေးနိုင်ခဲ့သည်။ ဩဂုတ်လ ၂၅ ရက်နေ့တွင် သီပေါမြို့နယ်တရားရုံး၌ သတင်းထောက်သုံးဦး အပါအဝ င် ခြောက်ဦး ရုံးချိန်းတက်ရောက်ခဲ့ပြီး အာမခံ ထပ်မံလျှောက်ထားခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ မြန်မာနောင်း
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်၊ မြန်မာနောင်း
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ မြန်မာတိုင်း/မြန်မာ

**ABSDF ဗဟိုကော်မတီဝင် ကိုမင်းဌေး တရားရင်ဆိုင်နေရဆဲ**

ဩဂုတ်လ ၂၃ ရက်နေ့တွင် မတရားအသင်း အက်ဥပဒေ ၁၇(၁)ဖြင့် တရားစွဲဆိုခံထားရသော ြ မန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) မှ ဗဟို ကော်မတီဝင် ကို မင်းဌေး၏ အမှု၌ ကျောင်းသားအဖွဲ့မှ ဗဟို ဦးဆောင်ကော်မတီဝင် ဦးသူရကို နောက်ဆုံး တရားခံပြသက်သေအဖြစ် မိုးမောက်မြို့နယ် တရားရုံးတွင် ရုံးထုတ် စစ်ဆေးခဲ့ သည်။ ကိုမင်းဌေးသည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ကို ကူညီသည်ဟူသော သံသယဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဗန်းမော် -လွယ်ဂျယ်ကားလမ်းပေါ်ရှိ စိန်လွယ်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ဗန်းမော်အခြေစိုက် စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် စကခ-၂၁ မှ ဗိုလ်ကြီး သက်ဆွေလင်းမှ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် တရားလိုပြုလုပ်ကာ အမှုဖွင့်တိုင်ကြားခဲ့သည်။ သူဖမ်းဆီးခံရကတည်းက ဗန်းမော်ထောင်တွင် ထိန်းသိမ်းခံ ထားရသည်။ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကိုမင်းဌေးကို ရုံးထုတ် စစ်ဆေးမည်ဖြစ်ပြီး နှစ်ဖက် လျှောက်လဲချက်များ တင်သွင်းပြီးနောက် စက်တင်ဘာလဆန်းတွင် အမိန့် ချမှတ်နိုင် မည်ဖြစ်သည်။
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်၊ မဇ္ဈိမ/မြန်မာ

**ပုဒ်မ ၆၆ ဖြင့် အမှုဖွင့်ခံထားရသော သတင်းေ ထာက်နှစ်ဦး၊ အရပ်သားသုံးဦး အာမခံရရှိ**

ပုဒ်မ ၆၆(ဃ) ဖြင့် အောင်လံမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ခြင်း ခံထားရသောမဇ္ဈိမသတင်းဌာနမှ သတင်းထောက် ဦးနိုင်ကျော်စွာမျိုး ခေါ် ဦးဒေါင်းလူ၊ ဒီဗွီဘီသတင်းဌာနမှ သတင်း ထောက် ဦးဘဦးနှင့် အရပ်သားသုံးဦးတို့သည် ဩဂုတ်လ ၃၁ ရက်နေ့တွင် အာမခံရရှိခဲ့သည်။ ၂၀၁၆ နိုဝင်ဘာ ၁၁ ရက်နေ့တွင် အောင်လံဒေသခံငါးဦးနှင့် သတင်းထောက် ဦးဘဦးတို့သည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဦးဆောင်ပြုလုပ်ခဲ့ပြီး မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ငလောက်ကျေးရွာ၊ အလယ်တန်းကျောင်းအုပ်ဆရာကြီးမှ ကျေးရွာ စာသင် ကျောင်းတွင် ပြင်ပလက်ထောက်ဆရာမ ငှားရမ်း ၍ စာသင်ကြားပြီး ကျောင်းသားမိဘများထံမှ ငွေကောက်ခံသောကြောင့် ကျောင်းသားမိဘများသည် ငွေတိုးချေးကာ ကျောင်းထားနေရ သည်ဟု ဒေသခံကျေးရွာသားများမှ ပြောကြားခဲ့သည်။ ထိုသတင်းစာရှင်းလင်းပွဲကို သတင်းထောက် ကိုဒေါင်းလူမှ တည်းဖြတ်ရိုက်ကူးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မဇ္ဈိမသတင်းဌာန၌ ဖော်ပြခဲ့သည်။ ထိုရုပ်သံသတင်းကို ကိုဒေါင်းလူမှ မဇ္ဈိမမှတဆင့် သူ၏ လူမှုကွန်ရက်စာမျက်နှာ (Facebook)တွင် ပြန်လည်ဝေမျှခဲ့သည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ငလောက်ကျေးရွာ၊ အလယ်တန်းကျောင်းအုပ် ဆရာကြီးမှ သူ၏ ဂုဏ်သိက္ခာ ထိခိုက်စေသည်ဟုဆိုကာ ကိုဒေါင်းလူ၊ ကိုဘဦးနှင့် အောင်လံဒေသခံငါးဦးတို့အား ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် အောင်လံမြို့နယ်ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့သည်။ ကိုဒေါင်းလူမှ ထိုရုပ်သံအား မီဒီယာကျင့်ဝတ်နှင့်အညီ ရိုက်ကူးခဲ့ကြောင်းပြောကြားခဲ့သည်။
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ မဇ္ဈိမ

## ▪ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**USDP ပါတီမှ တရားစွဲဆိုထားသော တောင်သူများ ဒဏ်ငွေချမှတ်ခံရ**

ဩဂုတ်လ ၂ ရက်နေ့တွင် ကျောက်ဆည်မြို့နယ်တရားရုံးမှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ သမန်းသာရွာမှ တောင်သူ သုံးဦးအား ပိုင်နက်ကျူးလွန်မှုအတွက် ရာဇသတ်ကြီး ပုဒ်မ ၄၄၇ ဖြင့် ဒဏ်ငွေ ငါးရာကျပ် ပေးဆောင်ရန် နှင့် မဆောင်ပါက ထောင်ဒဏ် ၁၅ ရက်ကျခံစေရန် ပြစ် ဒဏ်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်ချမှတ်ခံရသော တောင်သူသုံးဦးအနက် တစ်ဦးဖြစ်သူ ဦးကျော်ဆွေမှ ၎င်းတို့ ဒဏ်ငွေပေးဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကျောက်ဆည်မြို့နယ်၊ သရက်ပင်ကျေးရွာအုပ်စု၊ သမန်းသာရွာမှ ဒေသခံ တောင်သူများ ပိုင် ဆိုင်သော လယ်ယာမြေဧက ၄၁၉ ဧကကို သိမ်းယူခဲ့သည်။ ကျောက်ဆည်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနထံမှ လွှဲပြောင်းရယူခဲ့ကာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် မြေယာလုပ်ကိုင်ခွင့် ပုံစံ (၇) ရရှိခဲ့သည်။ ထို့ကြောင့် ဒေ သခံတောင်သူများ ထိုလယ်ယာမြေများပေါ်တွင် ဝင်ရောက် ထွန်ယက်သောအခါ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ မတ်လမှ စတင်ကာ ဒေသခံ တောင်သူများဖြစ်ကြသော ဦးကျော်စိန်၊ ဦးလှသိန်း၊ ဦးဝေကြူနှင့် ဦးခင်မောင်တင့်တို့သည် အမှုရင်ဆိုင်နေခဲ့ရသည်။ ကျောက်ဆည်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အတွင်းရေးမှူးဟောင်း ဦးသန်းထွန်းမှ တရားလိုပြုလုပ်ကာ ၎င်းတို့အား တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဦးခင်မောင်တင့်သည် သေဆုံးသွားသည့်အတွက် အမှုမှ ပယ်ဖျက်ခဲ့ကြောင်း ကျောက်ဆည်မြို့နယ် တရားရုံးထံမှ သိရှိရသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်၊ The Voice/မြန်မာ

**ရက္ခိုင့်တပ်မတော်ဖလားခေါင်းစဉ်ဖြင့် ဘောလုံးပွဲ ကျင်းပခဲ့ခြင်းအတွက် မြတန်ဆောင်းဆရာတော်နှင့် တက်ကြွလှုပ်ရှားသူတစ်ဦးကို ပြစ်ဒဏ်ချမှတ်**

ရက္ခိုင့်တပ်မတော်ဖလားခေါင်းစဉ်ဖြင့် ဘောလုံးပွဲကျင်းပခဲ့ ခြင်းအတွက် ဩဂုတ်လ ၃၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် တရားရုံးမှ မြောက်ဦး မြတန်ဆောင်း ဆရာတော် ဦးနန္ဒသာရနှင့် ကိုခိုင်နီမင်းတို့ကို မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ်နှစ်စီ ချမှတ်ခဲ့သည်။ ၎င်းတို့၏ ရှေ့နေဖြစ်သူဦးထွန်းလှမှ ထောင်ဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်၍ အယူခံဝင်ရောက်သွား မည်ဖြစ်ပြီး ဆရာတော်နှင့် ကိုခိုင်နီမင်းတို့ကို စစ်တွေ အကျဉ်းထောင် သို့ ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဧပြီလ ၈ ရက်နေ့တွင် မြောက်ဦးအခြေစိုက် ခမရ ၅၄၀ တပ်ရင်းမှ ဆရာတော်နှင့် ကိုခိုင်နီမင်းတို့ကို မတရားအသင်း အက်ဥပဒေ၊ ပုဒ်မ ၁၇ (၁)ဖြင့် အမှုဖွင့် တိုင်တန်းခဲ့ ပြီးနောက် ဧပြီလ ၁၀ ရက်နေ့တွင် မြောက်ဦးမြို့မရဲစခန်းမှ ၎င်းတို့အား ဖမ်းဆီးခဲ့သည်။ ဧပြီလ ၁၀ ရက်နေ့တွင် ကျရောက်မည့် ရက္ခိုင့်တပ်မတော် တည်ထောင်သည့် ရှစ်နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရက္ခိုင့်တပ်မတော် ဖလားခေါင်းစဉ်ဖြင့် ဘောလုံး ပြိုင်ပွဲကို ဆရာတော်နှင့် ကိုခိုင်နီမင်းတို့မှ ဦးဆောင် ကျင်းပခဲ့ပြီး တခြားအစီအစဉ်များ ကျင်းပရန်လည်း စီစဉ်ထားခဲ့သည်။ အာဏာပိုင်များမှ ထိုပွဲအား ခေါင်းစဉ်ပြောင်း ကျင်းပရန်ဆရာ တော်အား ဖိအားပေးခဲ့သည်။ မြတန်ဆောင်းဆရာတော် အရှင်နန္ဒသာရသည် အမှုရင်ဆိုင်နေစဉ်အတွင်း အစိုးရမှ ဆရာတော်၏ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကိုဇွန်လ ၌ ပိတ်သိမ်းခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်၊ BNI/မြန်မာ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ▪ ထောင်မှလွတ်မြောက်မှုများ

**မန္တလေးနှင့် အိုးဘိုအကျဉ်းထောင်မှ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အကျဉ်းသား များအား ပြန်လွှတ်ပေး**

ဇွန်လတွင်း၌ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မန္တလေး၊ အိုးဘိုအကျဉ်းထောင်မှ အကျဉ်းသား ငါးဦးနှင့် ရန်ကုန်၊ အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ငါးဦးတို့ကို သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဩဂုတ်လ ၅ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ပညာသင်နှစ်မှ စတင်ကာ အိုးဘိုအကျဉ်းထောင်တွင်း၌ အကျဉ်းသားများ ပညာသင်ခွင့်ရရှိခဲ့ပြီး တက္ကသိုလ်ဝင်စာမေး ပွဲ ဖြေဆိုခွင့်ရရှိခဲ့သည်။ ယခုနှစ်တွင် အိုးဘို အကျဉ်းထောင်၌ အကျဉ်းသား စုစုပေါင်း ခုနစ်ဦး စာမေးပွဲအောင်မြင်ခဲ့ပြီး အင်းစိန် အကျဉ်းထောင်၌ အကျဉ်းသား စုစုပေါင်း ကိုးဦး အောင်မြင် ခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်၊ ဗွီအိုအေ/မြန်မာ

**ထွန်တုံးတိုက်ပွဲပြုလုပ်ခဲ့သော လယ်သမား ငါးဦးအား အမှုမှ အပြီးအပြတ်လွှတ်ပေး**

ဩဂုတ်လ ၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် တရားရုံးမှ ပိုင်နက်ကျူးလွန်ခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် တရားစွဲဆိုခံထားရသော မြစ်သားမြို့နယ်၊ တေစိုးကျေးရွာမှ ဒေသခံ တောင်သူ ငါးဦးအား ပြစ်မှုမမြောက်သဖြင့် အမှုမှ အပြီးအပြတ်လွှတ်ပေးကြောင်း အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ယင်းတောင်သူငါးဦးသည် ၎င်းတို့၏ သိမ်းဆည်းခံထားရသော မြေများပေါ်တွင် ထွန်တုံးတိုက်ပွဲပြုလုပ်ခဲ့သည့်အတွက် ဝါသုတေသနမျိုးသန့်ခြံမန်နေဂျာ ဦးဝင်းမြင့်မှ တရားလိုပြုလုပ်ကာ ၎င်းတို့အား တရားစွဲဆိုခဲ့ခြင်းဖြစ်သည် ။ ဒေသခံတောင်သူများပိုင်ဆိုင်သော လယ်ယာမြေများကို ၁၉၆၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၉/၁၉၈၀ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃/၁၉၈၄ ခုနှစ်တွင်တစ်ကြိမ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝါသုတေသနပြုလုပ်ရန်အတွက် သိမ်းဆည်းခဲ့ခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ The Voice/မြန်မာ

**ဖမ်းဆီးခံထားရသော ရွာသား ဆယ်ဦးအနက် ကိုးဦးလွတ်မြောက်**

ဩဂုတ်လ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (တောင်ကြီးမြို့) လက်အောက်ခံ၊ ပင်လောင်းအခြေစိုက် တပ်မတော် ခြေလျင်တပ်ရင်း၊ အမှတ် ၂၄၉ မှ ၎င်းတို့ ဖမ်းဆီးထားသော ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ မိုင်းပျဉ်းကျေးရွာအုပ်စု၊ ကွန်ကုန်းရွာသား ဆယ်ဦးအနက် ကိုးဦးကို လွှတ်ပေးခဲ့သည်။ ဩဂုတ်လ ၃ ရက်နေ့ နံနက်အစောပိုင်းတွင် ခလရ ၂၄၉ မှ ကွန်ကုန်းရွာသား ဆယ်ဦးအား ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည် တပ်မတော် (တောင်ပိုင်း)နှင့် ဆက်စပ်မှုရှိသည်ဟူသော သံသယဖြင့် ဖမ်းဆီးခဲ့သည်။ ထိုနေ့ နံနက်တွင်ပင် ကိုးတန်းကျောင်းသား၊ အသက် ၁၆ နှစ်အရွယ် စိုင်းနွမ်းမိန်းကို ပြန်လွှတ်ပေးခဲ့ပြီး ကျန်ရှိနေသည့် ရွာသား ကိုးဦးအတွက် မိုင်းပျဉ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ မိသားစုဝင်များမှ တပ်ရင်း ခလရ ၂၄၉ ၏ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး အပြစ်မဲ့ ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ရာ ထိုနေ့ညတွင် ရွာသား ရှစ်ဦးကို ပြန်လွှတ်ပေးခဲ့ပြီး တစ်ဦးကို ဆက်လက် ဖမ်းဆီးထားခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ Tai Freedom/မြန်မာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ ဧရာဝတီ/မြန်မာ

**တပ်မတော်မှ ထိန်းသိမ်းထားသော ရွာသား ၁၁ ဦးကို ပြန်လွှတ်ပေး**

ကချင် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် တပ်မတော်တို့ ညှိနှိုင်း၊ဆွေးနွေးခဲ့ပြီးနောက် ဩဂုတ်လ ၁၃ ရက်နေ့တွင် တပ်မတော်မှ ၎င်းတို့ ထိန်းသိမ်းထားသော ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကဆုန့်ကျေးရွာမှ ရွာသား ၁၁ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ကဆုန့်ရွာအနီးတွင် အစိုးရတပ်မတော်နဲ့ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီးသည့်နောက် တပ်မတော်မှ ရွာသား ၁၁ဦးကို ဖမ်းဆီး ၊ ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်၊ ဗွီအိုအေ/မြန်မာ

**ပုဒ်မ ၆၆(ဃ)ဖြင့် အမျိုးသမီးတစ်ဦး မှားယွင်းစွာ တရားစွဲဆိုခံရ**

မြဝတီမြို့တွင် စက်ရုံအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်နေသော ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်မှ မခင်မျိုးသင်းသည် ချစ်သမီးလေး အမည်ရှိ လူမှုကွန်ရက်စာမျက်နှာတွင် စော်ကားပုတ်ခတ်သော စာသားများရေးသားသည်ဟု မှားယွင်းစွာ စွပ်စွဲခံခဲ့ရကာ မတ်လ ၅ ရက်နေ့တွင် ဖမ်းဆီး ခြင်းခံခဲ့ရပြီး ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ အစိုးရနှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနမှ စုံစမ်းစစ်ဆေးမှုများပြု လုပ်ခဲ့ပြီးနောက် သူမသည် ချစ်သမီးလေး လူမှုကွန်ရက်စာမျက်နှာအား သုံးစွဲသူမဟုတ်ဟု တွေ့ရှိခဲ့သည့် အတွက် ဩဂုတ်လ ၇ ရက်နေ့တွင် ဝေါမြို့နယ်ရဲစခန်းသို့ အမှုအား ပိတ်ရန် ညွှန်ကြားခဲ့သော်လည်း ပိတ်သိမ်းနိုင်ခြင်းမရှိသေးပါ။ သူမသည် အချုပ်ခန်းတွင်း ၁၅ ရက်ခန့် ချုပ်နှောင်ခြင်း ခံခဲ့ရပြီးနောက် လွတ်မြောက်ခဲ့သည်။ ဖမ်းဆီးခံရကတည်းက သူမ၏ အလုပ်အကိုင်ကို ဆုံးရှုံးခဲ့ရသည်။
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ အီလဲဗင်း

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**ကိုဆလိုင်းနိန်ထွန်း ကျောင်းထုတ်ခံရခြင်းအတွက် ချင်းကျောင်းသားသမဂ္ဂမှ အယူဝင်သွားမည်**

ဩဂုတ်လ ၂ ရက်နေ့တွင် ချင်းကျောင်းသားသမဂ္ဂ အထွေထွေအတွင်းရေးမှူးမှ စစ်ကိုင်း ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် တွင် တက်ရောက်သင်ကြားလျက်ရှိသော ကိုဆလိုင်းနိန်ထွန်းအား ကျောင်းမှ ထုတ်ပယ်ခဲ့သည့် ကိစ္စနှင့် စပ်လျဉ်း၍ ချင်းတိုင်းရင်း သားရေးရာဝန်ကြီးနှင့် ကောလိပ်ကျောင်းအုပ်ကြီးတို့အား ၎င်းတို့၏ ကြေညာချက်နှင့် ပန်ကြားလွှာတို့အား ပေးပို့သွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။ ကိုဆလိုင်းနိန်ထွန်းသည် သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် အာဏာရှင်စနစ်ဆန့်ကျင်သော စာများရေးသားခြင်းအတွက် ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျောင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ကိုဆလိုင်းနိန်ထွန်းကို ကျောင်းမှ ထုတ်ပယ်ကြောင်းကောလိပ်မှ တရားဝင်ထုတ်ပြန်ခြင်းမရှိပဲ သူ၏ မိဘများဆီသို့ ပြန်ရန်သာ ညွှန်ကြားခဲ့သည်။ ဇူလိုင်လ ၃၀ ရက်နေ့တွင် ချင်းကျောင်းသား သမဂ္ဂနှင့်အတူ ပြည်နယ် ခုနစ်ခုမှ ကျောင်းသားသမဂ္ဂများ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်နှင့် ပခုက္ကူအခြေပြုအဖွဲ့အစည်းများသည် ကြေညာချက်တစ်စောင်ထုတ်ပြန်၍ ကိုဆလိုင်းနိန်ထွန်း ကျောင်း ထုတ်ခံရခြင်းအား ရှုံ့ချခဲ့သည်။
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်၊ မြန်မာတိုင်း

**လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး ဧရာဝတီ လယ်သမားများ ဖွင့်ဟပြောဆို**

ဩဂုတ်လ ၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားများသည် သတင်းစာရှင်းလင်းပွဲကျင်းပ ပြုလုပ်ခဲ့ပြီး အစိုးရဟောင်းများ လက်ထက်က လယ်ယာမြေများသိမ်းဆည်းခံခဲ့ရခြင်းအတွက် ထိခိုက်နစ်နာခဲ့ရမှုများကို မီဒီယာများအား ဖွင့်ဟပြောဆိုခဲ့သည်။ လပွတ္တာမြို့နယ်၊ ရွှေကျွန်းသာရွာမှ လယ်သမား တစ်ဦးဖြစ်သူ ဦးခင်ဦးမှ ၁၉၈၃ ခုနှစ်မှ ၁၉၈၄ ခုနှစ်ထိ လယ်ယာမြေ ၈၀၀၀ ဧက ခန့်သည် သိမ်းဆည်းခြင်းခံခဲ့ရပြီး ထိုအချိန်က ဒေသခံနစ်နေရာသည် ထိုလယ်ယာမြေများတွင် နေထိုင်ခဲ့ကြသည်။ နှစ်များကြာပြီးနောက် ၁၉၉၈ မှ စတင်ကာ သစ်တောဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ သီးနှံများစိုက်ပျိုးရန်တွက် မှတ်ပုံ တင်ကဒ်များ ထုတ်ပေးသည်အထိ လယ်သမားများသည် ထိုလယ်ယာမြေများတွင် စိုက်ပျိုးထွန်ယက်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်ထိတိုင် လယ်သမားအချို့သည် လယ်ယာမြေများကို ထွန်ယက်စိုက်ပျိုးရန် ယာယီခွင့်ပြုချက်ရရှိခဲ့သော်လည်း လယ်သမား ၃၅၀ ခန့်သည် ထွန်ယက်ခွင့် လုံးဝပိတ်ပင်ထား ခြင်းခံခဲ့ရသည်။ လက်ရှိအချိန်တွင် ထိုဒေသအတွင်းရှိ လယ်သမား ၁၀၀ သည် လယ်ယာမြေများကို ဆက်လက်အသုံးပြုရန် ကြိုးစားခဲ့ခြင်းအတွက် သစ်တောဥပဒေဖြင့် အမှုရင်ဆိုင်နေရသည်။
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်၊ အီလဲဗင်း

**လယ်သမားများနှင့် တက်ကြွလှုပ်ရှားသူများအား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေးရန် FIDH တောင်းဆို**

ဩဂုတ်လ ၈ ရက်နေ့တွင် International Federation for Human Rights (FIDH) အဖွဲ့အစည်းမှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ထွန်တုံးတိုက်ပွဲဝင်ခဲ့ခြင်းအတွက် တရားစွဲဆိုခံခဲ့ရသော လယ်သမား ၁၁ ဦးနှင့် လယ်ယာမြေအရေး လှုပ်ရှားသူနှစ်ဦး တို့အား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေးရန် တိုက်တွန်းခဲ့သည်။ လယ်သမားများသည် လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားမှုများနှင့် ပတ်သက် ပြီး ဆက်လက်ဆန္ဒပြတောင်းဆိုလျက်ရှိခြင်းကို ထိုထွန်တုံးတိုက်ပွဲမှ ညွှန်းဆိုပြနေသည်။ လယ်ယာမြေများကို လက်ရှိပိုင်ဆိုင်သောသူများမှ အမှုဖွင့်ခဲ့ပြီးနောက် လယ်သမား ၁၁ ဦးနှင့် လယ် ယာမြေအရေးလှုပ်ရှားသူ ကိုတိုးကြီးနှင့် ကိုမျိုးဝင်းတို့သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇၊ ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၄၊ ၅၀၆ တို့ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ လေးလကြာ ထိန်းသိမ်းခံထားရပြီးနောက် ၎င်းတို့သည် အာမခံ ရရှိကာ ပြန်လည်လွတ်မြောက်လာခဲ့သည်။ သို့သော်လည်း ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ်တရားရုံးမှ အာမခံ ပြန်လည်ရုပ်သိမ်းခဲ့ ကာ ၎င်းတို့အား ဖမ်းဝရမ်းထုတ်ခဲ့သည်။ ဩဂုတ်လ ၁၀ ရက်နေ့တွင် ကိုတိုးကြီးနှင့် လယ်သမား ရှစ်ဦးတို့သည် ရုံးချိန်းတက်ရောက်ခဲ့ပြီးနောက် အိုးဘိုအကျဉ်ထောင်သို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ ကိုမျိုးဝင်းနှင့် လယ်သမား တစ်ဦး

